## (၂) မှဲ့ပြောက်စွန်းရောဂါ (Anthracnose leaf spot/blight)

**ရောဂါဖြစ်စေသောသက်ရှိ -** ***Colletotrichum gloeosporioides*** **(Penz.) Sacc.**

**ရောဂါလက္ခဏာများ**

အရွက်ထိပ်များတွင် အညိုရောင်ပုံသဏ္ဍာန်မမှန်သော တစ်သျှူးသေအနာကွက်များ ဖြစ်ပေါ်သည်။ ရောဂါဖြစ်သောမှိုသည် အနားမှစ၍ အရွက်တစ်ခုလုံး တိုက်ခိုက်ခြင်းကြောင့် အရွက်ခြောက်သွားကာ ကြွေကျသည်။ ရောဂါရသော အရွက် သည် များသောအားဖြင့် အရွက် မကြွေမီ ပုံသဏ္ဍာန်ပျက်ကာ တွန့်လိမ် သွားသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါရကြွေကျနေသောအရွက်များအားမီးရှို့ဖျက်ဆီးပါ။
- ပျိုးပင်ကျန်းမာသန်စွမ်းစေရန် အဟာရဓါတ်မျှတလုံလောက်အောင်ကျွေးပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက Chlorothalonil (ကလိုရိုသာလိုနေးလ်), Mancozeb (မန်ကိုဇက်), Thiophanate methyl (သိုင်အိုဖါနိတ်မိသိုင်း)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး) စသောမှိုသတ်ဆေးများ အသုံးပြု နိုင်သည်။